**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**https://moh.nugmyanmar.org/**

# ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၄ ခုနှစ်၊ မတ်လ (၉) ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့သော ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ဖြစ်သူ ဦးဖြိုးဇော်ဟိန်း (ခ) ခါတ်ဆား၊ အသက် (၂၇) နှစ်သည် ရွှေဘိုခရိုင်၊ အမှတ်(၂၅) PDF တပ်ရင်းတွင် ဆေးတာဝန်ခံအဖြစ် တာဝန်ထမ်း ဆောင်နေခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည် မြို့နယ်၊ အင်တောရိုးကျေးရွာ၌ ကင်းပုန်းဝပ်နေသော အကြမ်းဖက်စစ်ကောင်စီတပ်၏ သတ်ဖြတ်မှု ကြောင့် နွေဦးတော်လှန်ရေးအတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြောင်း သိရှိရသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် ဦးဖြိုးဇော်ဟိန်းအား အာဇာနည် သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုအပ်ပြီး မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၃။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ဆတက်ထမ်းပိုး ကြိုးပမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကို စစ်အာဏာရှင်စနစ် ဖြုတ်ချရေး အတွက် အသက်၊ ခန္ဓာနှင့် ဘဝများ ပုံအပ်၍ ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့ကြသည့်၊ တိုက်ပွဲဝင် လျက်ရှိကြသည့် အာဇာနည်သူရဲကောင်းများအား တိုင်တည်သစ္စာထား၍ ကတိပြုအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**